# ကြယ်စင်မျှူးဝေ

## အိပ်မက်ဦးရဲ့ လွမ်းကောရီ



## အခန်း(၁)

"ဥတ္တရဆောင်" ... တဲ့ ။

ဘာအဓိပ္ပာယ်ရှိသလဲတော့မသိ၊ ဥတ္တရဆိုတာတောင်လား၊ မြောက်လား၊ ပါဠိလို ဘာအဓိပ္ပာယ်ရှိသလဲမသိ။

"ဘုန်းပြည့်ထွတ်"သိတာ အဲဒီအဆောင်မှာ မိန်းမချောလေးတွေပေါပေါများများ ရှိသည် ဆိုတာပါပဲ။

နယ်မှ ရည်ရွယ်ချက်အမျိုးမျိုးနှင့် သင်တန်းအမျိုးမျိုးကို လာတက်သည့် မိန်းကလေးတွေ၊ တချို့လည်း တက္ကသိုလ်၊ ကောလိပ်ကျောင်းသူလေးတွေ။

ဘာပဲဖြစ်ဖြစ်...ဥတ္တရဆောင်ဆိုတာ
နှစ်ထပ်တိုက်အိမ်ကြီးတစ်လုံးဖြစ်ပြီး အိမ်ရှင်အပျိုကြီး ညီအစ်မနှစ်ယောက်က ဖွင့်လှစ်ထားသော အဆောက်အအုံတစ်ခုဖြစ်ပါသည် ။

စမ်းချောင်းထဲမှာ ရှိပြီး သန့်ရှင်းသပ်ရပ်သည့် အဆောင်လေးပေါ့။

ဘုန်းပြည့်ထွတ်ဆိုတာ သူငယ်ချင်းမင်းဦးခိုင်နှင့် နှစ်ယောက်ပေါင်းပြီးလောက၏ အနှစ်သာရတို့ ကို ရှာဖွေနေကြချိန်မို့ လူတွေကယ့်ယ့်လေး။

တစ်နည်းအားဖြင့် သင်္ဘောပြန်လိုက်ရမည့် သင်္ဘောသားတွေပီပီ... အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချဖို့ စဉ်းစားနေချိန်မို့ လူတွေက လှုပ်

လှုပ်ခတ်ခတ်ရှိလှချိန်။

သူတို့ သင်္ဘောပြန်ဝင်ရမှာ ကို ရန်ကုန်မြို့ရှိ ဘုန်းပြည့်ထွတ်၏ တိုက်ခန်းမှာ နားနေစောင့်စား ကြရင်း...သူငယ်ချင်းနှစ်ယောက်အလုပ်တွေ အားလပ်နေချိန်လည်း ဖြစ်ပါသည် ။

ဘုန်းပြည့်ထွတ်က ဝါသနာအရစာအုပ်တွေရှာဖတ်လိုက်၊ အခွေကြည့်လိုက်နှင့် ရှိနေပေမဲ့... ခြေထောက်မှာ ဗွေပါသည့် မင်းဦးခိုင်ကတော့ သူ့ကိုဆရာကြီးလုပ်ကာ...အပြင်သို့ ခေါ်ထုတ်လေ့ရှိမြဲ။

ဥတ္တရဆောင်နှင့် သူတို့ တိုက်ခန်းက လမ်းနှစ်လမ်းပဲ ခြားလေရာ... မင်းဦးခိုင်တစ်ယောက် ဥတ္တရဆောင်မှ ငွေလမင်းတို့ ကို မျက်စိကျလာခဲ့သည် မှာ မဆန်း။

အဲ...ဆန်းသည် မှာ ...မင်းဦးခိုင်က သူ့ကိုသူခိုးသေဖော်ညှိလာခြင်း၊ သို့မဟုတ် အမြီးပြတ် ဖော်ပြတ်ဖက်ရှာလာခြင်းပါပေ။

တစ်နေ့နံနက်မှာ ... သူငယ်ချင်းနှစ်ယောက် ကိုယ့်တိုက်ခန်းရှိထမင်းစားစားပွဲပေါ် လက်ဖက် ရည်သောက်ကြရင်း မင်းဦးခိုင်က သူ့ကို ဩဝါဒတွေ ပေးလာခဲ့ပါသည် ။

"ကိုထွတ်ရာ...မင်းကိုကြည့်လိုက်အမြဲပဲစာအုပ်တကိုင်ကိုင်နဲ့ ၊ သင်္ဘောသားမလုပ်ဘဲ ကျမ်းပြုဆရာလုပ်ဖို့ ကောင်းတယ်၊ တစ်ခါတလေများ လည်း ကိုယ့်ကိုယ်ကိုယ် အသက်အစိတ် မပြည့်သေးတဲ့ လူငယ်တစ်ယောက်လို့ များ သတိရပါဦး"

"မင်းဦးကလည်း ကွာ...ငါလည်း အပြင်တွေဘာတွေထွက်သားပဲ၊ မင်းလိုတော့ နိုက်ကလပ်တက်လိုက်၊ အရက်ဘားထိုင်လိုက်မလုပ်ချင်ပါဘူး"

"သင်္ဘောသားထဲမှာ တော့ မင်းလောက်ကပ်စေးကုတ်တဲ့ သူ... တစ်ယောက်မှ မတွေ့ဖူးဘူး၊ လောကမှာ ငွေဆိုတာသုံးဖို့ ရှာတာကွ၊ မသုံးဘဲ ... လိမ့်ပိန့်စုဆောင်းနေတော့ ဘာအဓိပ္ပာယ်ရှိမှာ လဲ၊ ရှေးလူကြီးတွေ ဆိုးမခဲ့တာက...ဝင်ငွေရဲ့ ဆယ်ပုံတစ်ပုံကိုပဲ စုဆောင်းခိုင်းတာ၊ အခုတော့ မင်းကရသရွေ့ပိုက်ဆံကို စုချည်းနေတော့...လူပျိုပေမဲ့ ဘာမှ မသုံးရတော့ဘူးပေါ့"

မင်းဦးခိုင်မှာ သူနှင့် အတွဲမညီသဖြင့် တဖွဖွရေရွတ်နေလျှင် ဘုန်းပြည့်ထွတ်မှာ ပြုံးလို့ ပင် နေရသည် ။

ဘာပဲပြောပြော... ဝင်ငွေဘယ်လောက်ပင်ကောင်းကောင်း အသုံးအစွဲကျစ်လျစ်သူက စုမိ ဆောင်းမိရှိပြီး၊ လက်ဖွာသူက စုမိဆောင်းမိမရှိတာကလည်း ဓမ္မတာ၊

ရေကြောင်းသိပ္ပံဆင်းပြီးကတည်းက နှစ်ယောက်အတူ နိုင်ငံခြားသင်္ဘောလိုက်ခွင့်ရခဲ့ကြရာ ...ဘုန်းပြည့်ထွတ်က သုံးနှစ်အတွင်း... မိမိအိမ်သို့ ကားနှစ်စီးတင်ပို့နိုင်ခဲ့ပြီး... တစ်စီးကို မိဘများ အတွက် ကန်တော့၊ တစ်စီးကိုရောင်းပြီး တိုက်ခန်းလေးခန်းဝယ်ထားနိုင်ခဲ့ပေပြီ။

တိုက်ခန်းဆိုတာ ကြိုက်ဈေးရတော့မှ ပြန်ရောင်းချင်ရောင်း၊ သို့မဟုတ် ငှားစားလည်း ရတာပဲမဟုတ်လား။

မင်းဦးခိုင်ကတော့ သောက်သောက်စားသားလူ့မင်းသားလေ။ လူပွေလေးပီပီ ဘာမှ ဆုပ်ဆုပ် ကိုင်ကိုင် မစုမိသေးပါ။

ငွေကို ရေလိုသုံးနေသည့် သင်္ဘောသားလေးလို့ ပဲ လူအထင်ကြီးခံရသည် ။

သူ့အကြောင်းတွေတွေးနေဆဲ… မင်းဦးခိုင်… ဘုန်းပြည့်ထွတ်ကို ရာဇသံပေးလိုက်သည် ။

ဘာပဲဖြစ်ဖြစ်… မင်းဦးခိုင်ဟာ သူ့အတွက်တော့ သူငယ်ချင်းကောင်းတစ်ယောက်ပေမို့ ဘုန်းပြည့်ထွတ်… မစွန့်လွှတ်နိုင်။

ငယ်ငယ်ကတည်းက သူငယ်ချင်းမဟုတ်ပါလား၊

"ကဲ…မင်းကို ငါအမိန့်တစ်ခုချမှတ်မယ်၊ မင်းရော ငါပါမငယ်ကြတော့သူးမို့ ကြင်ရာလောင်း ရှာကြဖို့ လှုပ်ရှားကြရအောင်"

"ကြီးကြီးကျယ်ကျယ်တွေကွာ၊ အိမ်ထောင်ပြုတာပဲ ဘယ်ချိန်မှ ပြုပြုပါ၊ ယောကျ်ားဆိုတာ ဟိုင်းသွားတယ်လို့ မရှိပါဘူး"

"မရဘူးကိုယ့်လူ၊ ငါမနေ့ကဥတ္တရဆောင်ရှေ့က ဖြတ်လာတော့ အဆောင်သူလေးတွေ… လမ်းလျှောက်နေကြတာတွေ့ခဲ့ရတယ်"

" လာပြီ… တခြားမှာ ရှာစမ်းပါကွာ၊ နယ်ကဟာလေးတွေ… ဘေးမဲ့ပေးလိုက်စမ်းပါ"

" မဟုတ်ဘူး လေ၊ အဲဒီအထဲမှာ ငါသဘောကျတဲ့ ကောင်မလေးတစ်ယောက် မြင်လိုက်ရတယ် ကွ၊ ဆံပင်ရှည်လေးနဲ့ ယဉ်တယ်"

"ဘုရားရေ…မင်းမျက်လုံးက အင်တာနေရှင်နယ်တွေမှ ကြိုက်တာပါနော်၊ အစားဆိုလည်း နောက်ဆုံးပေါ်၊ အဝတ်ဆိုလည်း နောက်ဆုံးပေါ်ဆိုတဲ့ ကောင်က မိန်းမကျမှ ရိုးရိုးယဉ်ယဉ်ကို ကြိုက်မလို့လား၊ မဖြစ်ပါဘူးကွာ၊ သနားပါတယ်၊ မင်းအကျင့်က စွဲစွဲမြဲမြဲလည်း ရှိတာမဟုတ်ဘဲနဲ့ "

သူ့အပြင်းအထန်ကန့်ကွက်သော်လည်း မင်းဦးခိုင် ဖွဲမလျှော့ချေ။

“ဒီလိုပြောလို့ ဘယ်ရမလဲ ကိုထွတ်ရဲ့ ၊ ငါ့စိတ်ထဲမှာ အဲဒီကောင်မလေးကို တကယ်ခံစားရ လို့ ပါကွာ၊ မင်းအဖော်လိုက်ပေး၊ ကံကောင်းရင် မင်းလည်း ဖူးစာရှင်တွေ့ရင်တွေ့မှာ ပါ”

“မရှာချင်သေးပါဘူးကွာ၊ ငါက မိထွေးနဲ့ ဖအေတူ မအေကွဲညီ၊ ညီမတွေလည်း ရှိတော့ ကိုယ့်စီးပွားကိုယ်ရှာထားမှ ကွ၊ မိဘဆီက အမွေမျှော်လို့ မသေချာဘူး၊ ဖူးစာဆိုတာ အလိုလိုဖြစ်တည် လာမှ တန်ဖိုးရှိတာပါ၊ ချစ်တီးခေါင်းသန်းရှာသလို လျှောက်ရှာမနေချင်ပါဘူးကွာ”

သူ…အကြောက်အကန်ငြင်းချက်ထုတ်နေလျှင် မင်းဦးခိုင် လေပျော့လေးနှင့် ချော့လေ။

“ကဲပါ…မင်းအတွက်မရှာချင်လည်း ငါ့အတွက် ပါရမီလိုက်ဖြည့်ပေးပါ၊ မင်းကတော့ ဘယ်ရှာချင်မလဲလေ…ရေကန်အသင့်ကြာအသင့်ပေကိုး၊ ဒေါ်ကေသီ ညီမထွေးမေမီက အိမ်ပေါ်မှာ အသင့်”

“တော်စမ်းပါကွာ…သူတို့ နဲ့ မငြိချင် မရောချင်လို့ ကိုယ့်တိုက်ခန်းမှ ကိုယ်လာနေတာ မင်းသိရဲ့ နဲ့ ”

နောက်ဆုံး…မင်းဦးခိုင်၏ နောက်မှ လျှောက်ပြန်သံပေး အဖော်လုပ်ဖို့ ဘုန်းပြည့်ထွတ် ပါလာ ရပါလေတော့သည် ။

* * *

## အခန်း(၂)

အဆောင်မှာ လူအမျိုးမျိုး၊ နတ်အထွေထွေဆိုသလိုပါပဲ။

နယ်မှ ကျောင်းလာတက်သူ၊ သင်တန်းလာတက်သူ၊ အလုပ်လာလုပ်သူတွေနှင့် ပျားအုံ တစ်အုံလို စည်ကားနေသည့် ဥတ္တရဆောင်ထဲမှာ ချမ်းသာသည့် သူဌေးသမီးတွေလည်း ပါ၏။

'ငုံဝတ်လွှာ' တို့လို ဆင်းရဲသားသားသမီးတွေလည်း ပါတာပင်။

သို့သော် ငုံဝတ်လွှာ... မိမိကိုယ်ကို ဆင်းရဲတယ်ဆိုပြီး ဘယ်တော့မှ အားမငယ်၊ အဆောင်ကြေးပေးပြီး နေရသူအချင်းချင်းတွေပဲမဟုတ်ပါလား။

ဥတ္တရဆောင်မှာ ကျယ်ဝန်းခံ့ညားသည့် နှစ်ထပ်တိုက်ကြီးပီပီ... အထဲမှာ အဆောင်နေသူ တို့ အတွက် အခန်းလေးတွေ ကန့်ထားပါလေ၏။ အများအားဖြင့်နှစ်ယောက်ခန်းတွေများ သည် ။

ငုံဝတ်လွှာနှင့် အတူနေရသည့် အခန်းဖော်မှာ သူဌေးသမီး ဖြစ်ဟန်တူသည် ။

နာမည်ကလည်း မိုက်သလားမမေးနှင့် ။

'သန့်ဇကရီ' ဆိုသည့် အမည်နှင့် လိုက်ဖက်စွာသူမမှာ အဆောင်အယောင်တွေကလည်း ပြည့်စုံရုံတင်မက လျှံလန်ထွက်နေခဲ့လေသည် ။

သန့်ဇကရီရဲ့ အလုပ်က နယ်မှ လာပြီး 'မော်ဒယ်'

သင်တန်းတက်နေခြင်းဖြစ်သည် ။

ငုံဝတ်လွှာ အံ့ဩရပါသည် ။

မော်ဒယ်သင်တန်းတက်နေသည့် သန့်ဧကရီကိုလည်း ငွေပေါလို့ လာဖြုန်းသည် ။ အလုပ်မရှိ အလုပ်ရှာသည် ဟု ပဲ သူမ မှတ်ယူမိပါ၏။

ရုပ်ကလေးကတော်တော်ချောပေမဲ့
မော်ဒယ်လောကဆိုတာကလည်း မလွယ်ဘူး မဟုတ်လား။

အဆက်အသွယ်ကောင်းဖို့ လည်း လိုသည် ။ ဝတ္ထုတွေ၊ရုပ်ရှင်ထဲတွေမှာ ဖတ်ရတာကတော့ တကယ့်ကို မသက်သာ။

မိဘက ကောင်းမွန်စွာမထောက်ပံ့နိုင်လျှင် ပိုဆိုးသည် ။ သွားလာလုပ်ရှားရင်းနှင့် ရင်းနှီး ကျွမ်းဝင်အောင်ချဉ်းကပ်လာသည့် တောကျွမ်းမုဆိုးကြီးတွေဟာ တကယ့်ကို ကြောက်စရာ။

အဆီကိုဝါး၊ အသားကိုမျိုမည့် အဲဒီအန်ကယ်ကြီးတွေရဲ့ အထောက်အပံ့ကို ယူပြီး... အောင်မြင်မှုတွေယူရမှာ ထက် သူမကတော့ ထမင်းကြမ်းပဲ...အေးအေးယပ်ခတ်စားလိုက်ချင်ပါသည် ။

အေးလေ...လူတွေဟာတစ်ယောက်နှင့် တစ်ယောက်ခံယူချက်တွေ၊ တန်ဖိုးထားသည့် စံတွေ၊ ပန်းတိုင်တွေ တူကြတာမှ မဟုတ်ဘဲ။

ငုံဝတ်လွှာဆိုသည့် သူမကတော့...သူငယ်ချင်းတွေခေါ်သည့် ထုံဝတ်လွှာဆိုသလို ခပ်ထုံထုံ ရယ်၊

ဒီလိုလေ...ထုံတယ်ဆိုတာ...မပါးလို့ ပေါ့၊ ခေတ်အလိုက်။ ခေတ်အကြိုက်... ခေတ်ရေစီးကြောင်းမှာ အလိုက်သင့် မျောပါနိုင်စွမ်းမရှိဘဲ ငုံဝတ်လွှာ သူရဲဘောကြောင်လေ့ ရှိတာကိုက သူမကိုအခြား သူတွေဟားစရာ။

သူမကတောရဲ့ အပျိုစင်လေးပီပီ…အရာရာကို တစ်ဆုံးတွေးပြီး ကြောက်လန့်လေ့ရှိပါသည် ။ ယုတ်စွအဆုံး လိုင်းကားတွေစီးတော့ စပယ်ယာကောင်လေးက လက်ဆွဲတင်တာ ကျောတွန်းတင် တာကအစ 'အမလေး…သွားပါပြီ၊ သွားပါပြီ၊ ငါတော့အပျိုရည်ပျက်ပါပြီ' ဆိုပြီး… တဖွဖွ နှမြောတွန့်တို တတ်သူလည်း ဖြစ်သည် ။

တစ်နည်းဆိုရလျှင်…ဒီဘက်ခေတ်နှင့် ဘောင်မဝင်ဘူးဆိုပါတော့။

ဒါဖြင့်ငုံဝတ်လွှာ…ဒီမဟာရန်ကုန်ကို အဘယ်ကြောင့် ရောက်လာခဲ့ရသလဲဟု မေးမည်ဆိုပါက…

နယ်မှာ ရှိသည့် ဦးလေးက… သူမကို ကွန်ပျူတာသင်ရအောင် လွှတ်လိုက်လို့ သာ ငုံဝတ်လွှာ မလာချင့်၊ လာချင်ဖြင့် လာရခြင်းဖြစ်ပါသည် ။

နယ်မြို့လေးမှာ ပဲ ကောလိပ်မှ ဘွဲ့ရခဲ့သည့် သူမဟာ ရန်ကုန်ဆိုတာကို တစ်ခေါက်မှ မရောက်ခဲ့ ဖူးပါချေ။

ယခုတော့ သူမက ဦးလေးရဲ့ အထောက်အပံ့ခံ တူမမို့ဦးလေးစီမံသည့် အတိုင်း ကွန်ပျူတာ သင်ရအောင် ရန်ကုန်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ပါသည် ။

ကွန်ပျူတာသင်တန်းလာတက်သည့် သူမက မော်ဒယ်သင်တန်းလာတက်သည့် သန့်ဇေကရီကို အံ့သြမိ၊ လက်ဖျားခါမိတာမဆန်း။

တစ်ခန်းထဲအတူနေရပေမဲ့ သန့်၏ ခုတင်နှင့် သူမ၏ ခုတင်က နတ်ပြည်နှင့် ငရဲပြည်လို ကွာချင်တိုင်းကွာ၏။

သန့်ခုတင်မှာ မွေ့ရာတွေ၊ အိပ်ရာခင်းလှလှတွေ၊ ခေါင်းအုံးလှလှ၊ စောင်လှလှတွေနှင့် အကောင်းဆုံးတွေ တန်ဆာဆင်ထားသမျှ သူမ၏ ခုတင်ကတော့ ခပ်ရိုးရိုးပါပဲ။

ဆောင်းတွင်းမို့ချမ်းပေမဲ့...               ရိုးရိုးစောင်ပါးတစ်ထည်ကို အိပ်ရာခင်းပြီးအပေါ်မှ ကိုရီးယား စောင်လေးတစ်ထည် ခေါင်းအုံးသေး သေးလေးတစ်အုံးနှင့် သာ တန်ဆာဆင်ထားခဲ့သည် ။

နောက်အိပ်ရာအောက်မှာ သားရေသေတ္တာတစ်လုံးသွင်းထားသည် ။

သန့်ဇကရီ၏ ခုတင်မှာ တော့ အဝတ်ထည့်သည့် သေတ္တာတွေက သုံးလုံးတောင်၊ နောက်ဖိနပ်တွေဆိုတာကလည်း တန်းကိုစီလို့ ။

သ န့်မှာ သူ့ကိုထောက်ပံ့နိုင်သည့်  ချစ်သူတွေ၊  ဘာတွေရသွားရင် တော့ တိုက်ခန်းတစ်ခုခုဆီ ရောက်သွားလိမ့်မည်ထင်သည် ။ သန့်ကိုယ် တိုင်က ခပ်ပေ့ါပေ့ါ၊ ခပ်ပျော်ပျော်မို့ ဒီလို... ပြောခဲ့ဖူး လို့ သာ။

သန့်နှင့် သူမဟာ...သိပ်တော့လည်း တရင်းတနှီးပေါင်းဖြစ်သည် မ ဟုတ်၊ တစ်ခန်းထဲ နေလို့ သာ မေးထူးခေါ်ပြောနေရပေမဲ့ စရိုက်ချင်းက မတူ။

သန့်ဇကရီက အရမ်းကို သွက်လက်ချက်ချာပြီး စမတ်ကျကျလုပသ လောက် ငုံဝတ်လွှာ ဆိုသည့် သူမကတော့ ရိုးသားထုံအလှပေသည် မဟု တ်ပါလား။

ဆိုပါစို့၊ ငုံဝတ်လွှာအတွက်တော့ သန့်ဇကရီဟာ မိုးပေါ်က နတ်သမီး လေးပမာ။

သူမအတွက် ငေးကြည့်နေချင်စရာ မိန်းကလေးတစ်ယောက်ပါပဲ။

တစ်နေ့တစ်နေ့ ကိုယ့်အတွက် သင်တန်းပြီးဆုံးလျှင် သန့်ဇကရီကို ထိုင်ကြည့်နေသည့် အလုပ် သာရှိလေသည် ။

အစားအသောက်ကိစ္စကလည်း အဆောင်ရှေ့မှာ ထမင်းဆိုင်တွင် လ ပေးယူစားခြင်းဖြင့် ငုံဝတ်လွှာအတွက် စရိတ်ငြိမ်းသွားသည် မို့၊

သည့် နေ့တော့ သန့်ဇေကရီက သူမကိုကြည့်ပြီး အကူအညီတောင်းခဲ့သည် ။ ငုံဝတ်လွှာမှာ အံ့သြရပါ၏။

"ငုံရေ...ရှင့်ကွန်ပျူတာသင်တန်းက မနက်ရှစ်နာရီကနေ ဆယ့်တစ်နာရီဆိုပြီးရောနော်"

"ဟုတ်ကဲ့"

"အဲဒီတော့...ငုံလည်း ဗဟု သုတရအောင်၊ သန့်လည်း အဖော်ရအောင် ငုံ... သန့်နောက်ကို အဖော်လိုက်ပေးပါလားဟင်၊ သန့်စရိတ်ခံမှာ ပါ"

"သန့်ပြောတာ ကျွန်မနားမလည်ဘူး၊ ကျွန်မက ဘယ်တွေကို အဖော်လိုက်ပေးရမှာ လဲ"

"သြော်...သန့် သင်တန်းချိန်တွေကတော့ ထားပါတော့၊ ဒါပေမဲ့... သန့် အပြင်ထွက်တဲ့ အခါ၊ ရှော့ပင်ပေါ့လေ၊ အဲဒါမျိုးတွေနဲ့ လမ်းလျှောက်တဲ့ အခါလေးတွေ အဖော်လိုက်ပေးပါလားကွယ်၊ နောက်...ရှိုးပွဲတွေ၊ ဘာတွေရှိတဲ့ အခါမျိုးပေါ့"

"သြော်...ဒါလား၊ သန့်ကို...ဒီလိုပဲ... လူတွေလာလာခေါ်ကြ၊ ကြိုကြတယ်မဟုတ်လား"

ငုံဝတ်လွှာ...မအူမလည်နှင့် ပြန်မေးလျှင် သန့်ဇေကရီ စိတ်ရှည်စွာပြုံးပြပါသည် ။

စိုပြည်သောအသားနှင့် ကိုယ်လုံးလှလှ ငုံဝတ်လွှာသည် လည်း သူ့စံနှင့် သူချောမောလှပ ပါသည် ။

သန့်ဇေကရီ ချောပုံကတစ်မျိုး၊ ငုံဝတ်လွှာ ချောပုံကတစ်မျိုး။

သန့်ဇေကရီ၏ ပုံစံမှာ ဖန်ပေါင်းချောင်ထဲအလှထည့်ထားဖို့ ကောင်း

သည့် သဇင်ခက်ကလေးလို လှပပြီး…

ငုံဝတ်လွှာကတော့ ရိုးမပင်မြင့်ပေါ်မှာ အလိုအလျောက်ပေါက်သည့် ပင်ကပ်သစ်ခွပွင့်ပမာ။

မာသည် ။ လှသည် ။ အကြမ်းခံသည် ။

ဧကန္တ…သန့်ဧကရီ ငုံဝတ်လွှာ၏ ခပ်တောင့်တောင့်ဗလနှင့် မာကျောသောဖွဲ့ကို အားကိုးလေ သည် ထင်။

"ကြိုတာတော့ကြိုတာပေ့ါကွယ်၊ ဒါပေမဲ့မတူဘူးလေ၊ သန့်နောက်မှာ ဂုဏ်သရေရှိတဲ့ အပျိုလေးတစ်ယောက် ဝံ့ဝံ့စားစားပါနေ ရင်တော့ သန့်လည်း ဂုဏ်ရှိတာပေ့ါကွာ၊ တကယ့်ကို လိုအပ်လို့ အကူအ ညီတောင်းတာပါ၊ သန့်နောက် တကောက်ကောက်လိုက်နေကြတဲ့ ယော က်ျား တွေကို စိတ်ကုန်လို့ ပါ"

"ကျွန်မက သူတို့ ကို ဘယ်လိုများ ဟန့်တားနိုင်မှာ မို့လဲရှင်"

"ဩော်…ငုံကလည်း ရိုးလိုက်တာ၊ တစ်ယောက်တည်းမို့ မလေးမ စားရှိတဲ့ သူတွေဟာ ငုံနဲ့ နှစ်ယောက်ဆိုရင် မလေးမစား ဘယ်ရှိကြ တော့မလဲ… မဟုတ်ဘူး လား"

"ဒါဆိုလည်း …ကောင်းပါပြီ၊ ကျွန်မအားတဲ့ အချိန်နဲ့ ကိုက်နေရင် ငုံ သန့်နောက် အဖော်လိုက် ပေးပ့ါမယ်"

"ဟေး…ဒါမှ တို့ ငုံဝတ်လွှာ၊ ကျေးဇူးတင်တယ်ငုံ၊ မနက်ဖြန်ညမှာ ရှိ တဲ့ ရှိုးပွဲအတွက်… ဒီနေ့လို အပ်တာလေးတွေ သွားဝယ်ရမယ်၊ ငုံအဖော် လိုက်ပေးနော်"

"ကောင်းပါပြီရှင်"

ဒီလိုနှင့် အသွင်မတူသည့် သန့်နှင့် ငုံတို့ အတူတွဲဖြစ်ကြပြန်လေသည် ။

* * *